## ဒီဗွီဘီ

## ၇ ၊ ဖေဖော်ဝါရီ ၊ ၂၀၀၄

# ဒီပဲယင်း အကြမ်းဖက်မှုအတွင်း ဖမ်းဆီးခံခဲ့ရသူများ နအဖ အကျဉ်းထောင်များအတွင်း အများအပြားကျန်ရှိနေကြောင်းသိရ

မေ(၃၀) ဒီပဲယင်းအကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ဖမ်းဆီးခံခဲ့ရသူများ ရွှေဘိုထောင်၌ ယခုချိန်ထိ ကျန်ရှိနေဆဲဖြစ် ကြောင်း ပြီးခဲ့သည့်လက ရွှေဘိုထောင်မှ ပြန်လွတ်လာသည့် မန္တလေးတိုင်း၊ အမရပူရမြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမြင့်က ယနေ့ ဒီဗွီဘီကို ပြောကြားခဲ့သည်။

ဒီပဲယင်း အကြမ်းဖက်မှုအတွင်း အရိုက်ခံရသူ(၁၀)ဦးကိုသာ ပြန်လွှတ်ပေးခဲ့ပြီး မေ(၃၀) မတိုင်မီက ဖမ်းဆီးထားသည့် ဒီပဲယင်း လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်နှင့် အဖွဲ့ချုပ်ပါတီဝင်များ၊ ရွှေဘိုနှင့်ကသာမြို့က အဖွဲ့ချုပ်ဝင်အချို့နှင့် အားပေးသူများလည်း ကျန်ရှိနေဆဲဖြစ်သည်ဟု ဦးလှမြင့်က ပြောဆိုသည်။ ထို့ပြင် မေ(၃၀)နောက်ပိုင်း ဖမ်းဆီခံခဲ့ရသည့် ကျည်ရွာက ဦးပဥ္စင်း(၂)ပါးနှင့် ရွာသားများကိုလည်းထောင်(၉)နှစ်နှင့် (၇)နှစ်စီ ချမှတ်ထားသောကြောင့်၎င်းတို့အားလုံး ရွှေဘိုထောင်၌ ကျန်ရှိနေသေးကြောင်းနှင့် ရွှေဘို၊ဒီပဲယင်းနှင့် ကျည်ရွာမှ ဖမ်းဆီးခံရသူများအကြောင်းကို ဦးလှမြင့်က ယခုလို စတင်ပြောကြားထားသည်။

"ဒီအရေးအခင်းနဲ့ပတ်သက်ပြီး လွှတ်ပေးတာ(၁၀)ယောက်ပါပဲ။ တချို့ပုဂ္ဂိုလ်တွေကလည်း ဒီပဲယင်းအဖြစ်ထက်စော တယ်။ တချို့ပုဂ္ဂိုလ်တွေကျတော့လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အကြောင်းအမျိုးမျိုးနဲ့ဆွဲထည့်လိုက်တာလည်း ရှိပါတယ်။ နောက်ပြီးတော့ ရွှေဘိုက နှစ်ဦးမှာ စည်းအဖွဲ့ဝင်တဦးဖြစ်တဲ့ဦးတင်ဝင်းဆိုပြီးတော့လည်း ကျနော်တို့ကြားရပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးဆွဲလိုက်တဲ့ မိုးဆွေဦးဆိုတာလည်း အဲဒီမှာရှိနေပါတယ်။ ကိုမိုးဆွေဦးကကျနော်တို့နဲ့ဆိုရင် ထောင်ထဲ ဝင်ရတာ သိပ်မကွာဘူး။ကျနော်က (၉)ရက်နေ့မှရောက်တော့ ကျနော့်ထက်စောမယ်ထင်တယ်။ ကိုမိုးဆွေဦးက (၅)ခန်းမှာ အဲဒီမှာနေခဲ့ရတာ။ ကျနော်ရောက်ပြီး လေးငါးရက်လောက်နေမှ ထည့်လိုက်တဲ့ ဦးဇင်း(၂)ပါးရယ်၊ အရပ်သား(၄)ဦးရယ်။ သူတို့ကိုကျတော့ (၉)နှစ်နဲ့(၃)လရယ်၊ ရွာသားဆိုပြီး အပြင်လူကျတော့ (၇)နှစ်ဆိုပြီး အပြစ်ဒဏ်ပေးလိုက်တယ်"

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ဒီပဲယင်းကိုမရောက်မီ ဖမ်းဆီးခံခဲ့ရသည့် ဒီပဲယင်းမြို့နယ် အဖွဲ့ချုပ်လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်၊ ဒုဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် မြို့နယ်စည်းရုံးရေးမှူး ဦးတင်လှိုင်တို့ ကျန်ရှိနေသေးကြောင်းကို လည်း ဦးလှမြင့်က ယခုလို ဆက်လက်ပြောဆိုသည်။

"အဲဒီ လွှတ်တော်ကိုယ်စားလှယ်တွေ၊ သူတို့က ကျနော်နဲ့ မျက်နှာချင်းဆိုင်မှာလေ။ အမှတ်(၁)အပေါ်ထပ်မှာနေတာ။ ကျနော်တို့ စရောက်တဲ့အခါအဲဒီပုဂ္ဂိုလ်တွေကနေ ကျနော်တို့ကို စားသောက်စရာလေးတွေ ကျနော်တို့ဆီပို့တယ်။ တချို့ ပုဂ္ဂိုလ်တွေကျနော်တို့ ထောင်ထဲမှာနေရင်းနဲ့ ကြားသိခဲ့ရတာတွေက ကသာဘက်မှာ ဖယောင်းတိုင်ပေးလိုက်လို့ ဆွဲထည့် လိုက်တာ(၁)နှစ်။ အဲဒါ ဦးစောလှိုင်ရဲ့ယောက္ခပါ။ ဒီပဲယင်းကိစ္စမဟုတ်ပဲနဲ့ ဒီအတိုင်းဆွဲထားတာတွေလည်း ရှိတယ်။ လေးဂွကိုင်တော့(၂)နှစ်၊ ဓါးကိုင်တဲ့လူက(၆)လဆိုတာတွေလည်း အဲဒီထဲမှာ ကြားခဲ့ရပါတယ်။ စစ်ကိုင်းတိုင်းတခုလုံး အနေနဲ့က ထောင်ကလည်း များတယ်လေ။ မုံရွာမှာလည်းရှိတယ်။ကလေးမှာလည်း ရှိတယ်။ ရွှေဘိုမှာလည်း ရှိတယ်။ အကုန်လုံးမှာဆိုရင်တော့ ကျနော် မခန့်မှန်းနိုင်ဘူးခင်ဗျ"

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ **(NCGUB)**ကလည်း ဒီပဲယင်းကိစ္စနှင့်ပတ်သက်ပြီး ဖမ်းဆီး ထားသူ(၁၅၁)ဦးကို ပြန်လွှတ်ပေးကြောင်း နအဖ၏ပြောဆိုချက် မှားယွင်းသည်ဟာမနေ့က ထုတ်ပြန်ထားသည်။ စုစုပေါင်း ဖမ်းဆီးထားသူဦးရေ(၂၃၀)ရှိပြီး ထိုအထဲ၌ မေ(၃၀)ဒီပဲယင်းအကြမ်းဖက်မှုအတွင်း (၁၀၁)ဦးနှင့် နောက်ပိုင်းနှင့် မတိုင်မီ များတွင် ဖမ်းဆီးထားသူ (၁၁၉)ဦးရှိသည်ဟု ဆိုသည်။ထိုအထဲမှ ပြန်လွတ်လာသူ(၁၀၆)ဦးသာ ရှိသေးသောကြောင့် စုစုပေါင်း(၁၉၇)ဦး အကျဉ်းထောင်များထဲတွင် ကျန်ရှိနေသေးသည်ဟုလည်း စာရင်းဇယားနှင့်တကွ **(NCGUB)**က ဖော်ပြထားသည်။

မေ(၃၀) အကြမ်းဖက်တိုက်ခိုက်မှု၌ ဓားစာခံဖြစ်ခဲ့ရသည့် ဒီပဲယင်းမြို့အနီးက ကျည်ရွာကို အာဏာပိုင်တို့က အဆက်မပြတ်ဖိအားပေးနေသောကြောင့်တရွာလုံးနီးပါး ထွက်ပြေးရှောင်တိမ်းနေရကြောင်းသိရသည်။ မေ(၃၀)ရက်နေ့ ညက ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို ရွာလုံးကျွတ် ကြိုဆိုခဲ့သောကြောင့်ကျည်ရွာသား အများအပြား ရိုက်နှက်ခံခဲ့ရ သည်။ထို့နောက် ဒဏ်ရာအပြင်းအထန်နှင့် ထွက်ပြေးကြရသည့် အဖွဲ့ချုပ်ဝင်များကို ကူညီမှု၊ ကြံ့ဖွံ့အဖွဲ့ကိုခဲပေါက်မှုများနှင့် ကျည်ရွာဘုန်းကြီးကျောင်းမှ ဦးဥ္စင်းဦးဝိမလနှင့် ဦးဇဝနတို့အပါအဝင် ရွာသားအချို့ကိုလည်း ဖမ်းဆီးထောင်ချခဲ့သော ကြောင့် မေ(၃၀)နောက်ပိုင်းကတည်းက ကျည်ရွာရှိ ယောကျ်ားအားလုံးနီးပါး ထွက်ပြေးခဲ့ရကြောင်း ဒေသခံများက ဒီဗွီဘီကို ပြောဆိုသည်။ လစဉ် လကုန်ရက်ရောက်တိုင်းစစ်ကိုင်းတိုင်း တယကနှင့် မယက ဥက္ကဋ္ဌများကိုယ်တိုင်ဆင်းလာပြီး

အမျိုးမျိုးဖိအားပေးနေသောကြောင့်ရွာပျက်လုနီးပါး ဖြစ်နေကြောင်း ကျီရွာသားများနှင့်တွေ့ဆုံခွင့်ရခဲ့သူတဦးက ဒီဗွီဘီကို ယခုလိုပြောပြခဲ့သည်။

"လကုန်တိုင်းကုန်တိုင်းမှာ ကျည်ရွာကို အမြဲတမ်း ဖိအားပေးတယ်။ ခြိမ်းခြောက်တာပေ့ါဗျာ။(၃၀-၂၉-၂၈)ရက်နေ့တို့ အဲလို ရောက်တိုင်း ရောက်တိုင်းမှာ တိုင်းမ-းက ရောက်လာ၊ မယက က ကောင်တွေကရောက်လာ၊ လာပြီး ခြိမ်းခြောက် တယ်ပေ့ါဗျာ။'ခင်ဗျားတို့ရွာမှာ ယောကျ်ားသားတွေ ဘယ်နှစ်ယောက် ပြန်ဝင်လာပြီလဲ။ ဘယ်နှစ်ယောက်ပြန်ရောက်လာ ပြီလဲ။ ထွက်ပြေးနေတဲ့ကောင်တွေ အခု ရေရှည်ဘယ်လောက်ပြေးနိုင်မှာလဲ။ ပြန်ခေါ်ကြ' အဲဒါမျိုးတွေပြောတယ်။ ကျုပ်တို့ ရွာမှာ ယောကျ်ားသားကိုမရှိသလောက်ဖြစ်သွားပြီတဲ့။ မိုးတွင်းကာလ ကုန်သာသွားတယ်။ လယ်ယာထွန်ယက်တဲ့ လုပ်ငန်းကိုကျုပ်တို့ရွာသားတွေ တယောက်မှ မလုပ်ခဲ့ရဘူးတဲ့။ ၂ရွာမှာရှိတဲ့ မိန်းမတွေချည်းပဲ အလုပ်လုပ်ကြရတာ။ တယောက်စ နှစ်ယောက်စကတော့ ကျန်မှာပေ့ါဗျာ။သူတို့ပြောတာ (၉၀%)လောက်ပေ့ါ။ အကုန်ထွက်ပြေးနေရတာ"

အာဏာပိုင်များဖိအားပေးခြင်းကို မခံနိုင်တော့၍ ကျည်ရွာရှိ မိသားစုများသည် နီးစပ်ရာဆွေမျိုးများထံ စတင် ပြောင်းရွှေ့နေပြီဟုလည်း သိရသည်။ နောက်ပိုင်း၌ တရွာလုံးပျက်စီးရတော့မည်ဟု ကျည်ရွာသားများက ဝမ်းနည်း ပက်လက်ပြောဆိုနေကြောင်းလည်း အဆိုပါပုဂ္ဂိုလ်က ဒီဗွီဘီကို ထပ်ဆင့်ပြန်လည်ပြောကြားသွားခဲ့သည်။